-- Battle Creek ပြင်ပပညာရေးစင်တာ

# စခန်း နှင့် အိပ်ရာ အင်းစက်ပိုးမွှားများ - ကြိုတင်ကာကွယ်ရေးအစီအစဉ်

နှစ်စဉ်နှစ်တိုင်းပြင်ပပညာရေးသင်ကြားရေးအစီအစဉ်အဖြစ်ကလေးများသည်စခန်းတွင်နေရလျှက်ရှိပါသည်။ ဤကဲ့သို့အစီအစဉ်တွင်ပါဝင်ရန်ကလေးများသည်စိတ်လှုပ်ရှားလျှက်ရှိပါသည်။ မိတ်ဆွေအသစ်ဖွဲ့ရခြင်း၊ တောတောင်သဘာဝများမြင်တွေ့ရခြင်း၊ အတွေ့ကြုံသစ်များရရှိရန်သင်ယူမှုအသစ်များရရှိခြင်း၊ သူတို့၏ဘဝတလျှောက်လုံးအတွက်အမှတ်တရဖြစ်စေမည့်အရာများရရှိကြမှာဖြစ်သည်။ ထိုအတွေ့ကြုံသစ်တစ်ခုအတွက်၊ဒုက္ခပေးတတ်သောသေးငယ်သည့်အင်စက်ပိုးမွှားများလည်းတစ်ခုအပါအဝင်ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊လတ်တလောတွင် North America ဘက်တွင် ဤပိုးမွှားများပြန်လည်ဖြစ်ပွားနေတာတွေ့ရပါသည်။ ဟိုတယ်များ၊ လူသူထူထပ်သောနေရာများနှင့်အဆောက်အဦးများ၊ တခဏတာနေထိုင်သောနေရာများစသည့်တို့တွင်တွေ့ရတတ်ပါသည်။ ဤပိုးမွှားများကြောင့်ရောဂါကူးစက်မှုများမဖြစ်စေနိုင်ပါ။ စိတ်အနှောင့်ယှက်ပေးရုံသက်သက်သာဖြစ်ပါသည်။ ထို့ကြောင့်သင့်ကလေးအတွက်ဤအင်းစက်ပိုးမွှားများရန်မှကာကွယ်ရန်စခန်းမှကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြင့်ဆောင်ရွက်လျှက်ရှိသောကြောင့်၊သင့်ကလေးအနေဖြင့်မည်သည့်အရာကိုမှငှင်းနှင့်ပတ်သက်၍ယူဆောင်လာရန်မလိုပါ။ ယူဆောင်လာရမည့်ပစ္စည်းများကိုအောက်တွင်ဖော်ပြပေးထားပါသည်။

---

## စခန်းအတွက်ယူဆောင်လာရမည့်ပစ္စည်းများပြင်ဆင်သောအခါ- Packing For Camp

√ **မျက်စိဖြင့်မြင်၍ရသောအင်းစက်ပိုးမွှားများ-** ညအိပ်ယာအိတ်၊ ခြုံစောင်၊ နှင့် အဝတ်အထုပ်အပိုးများ စသည့်တို့အား ပြင်တွင်ထားပြီး၊ အင်းစက်ပိုး သို့မဟုတ် အင်းစက်ပိုးဥများရှိမရှိ မျက်စိဖြင့်သေချာစစ်ဆေးပါ။

√ **အိပ်ရာခင်း နှင့် အဝတ်အစားအထုပ်အပိုးများအား ခြောက်သွေ့စေပါ။** - အိပ်ရာခင်းနှင့်အဝတ်အစားအထုပ်အပိုးများအားခြောက်သွေ့စေရန်မိနစ် ၃၀ ခန်းအပူပေးစက်ဖြင့်ခြောက်သွေ့စေပါ။ အပူပေးခြင်းဖြင့် အင်းစက်ပိုးမွှားများနှင့်၎င်းဥများသေစေနိုင်ပါသည်။ ၎င်းအပြင်ဆပ်ပြာဖြင့်သေချာစွာလျှော်ဖွတ်ခြင်း၊ ရေ သို့မဟုတ် အရက်ပျံအခြေခံသောသန့်ရှင်းခြင်းထုတ်ကုန်ပစ္စည်းများဖြင့်ဆင်ကြယ်စေခြင်း၊စသည့်တို့ဖြင့်လည်းဆောင်ရွက်နိုင်ပါသည်။

√ **အထုပ်အပိုးများများဝင်ဆံ့နိုင်သောအမှိုက်ထည့်သည့်ပလပ်စတစ်အိတ်အမျိုးအစားများဖြင့်သေချာစွာထည့်ပြီးချည်ထားပါ။-** ဤကဲ့သို့သေချာစွာချည်ထားခြင်းဖြင့်ပြင်ပမှရှိသောပိုးမွှားများအိတ်အတွင်းသို့ဝင်ရောက်နိုင်ခြင်းမရှိပါ။ အိပ်ယာခင်းနှင့်အဝတ်အိတ်များအတူတူမထားပါနှင့်။ စခန်းတွင်အသုံးပြုရန်အတွက် Duffle အိတ်သည်အသင့်တော်ဆုံးဖြစ်သည်။

√ **အမှိုက်အိတ်အပိုထည့်လာပါ။-** သင့်ကလေးအတွက်အပိုထည့်ရန်အမှိုက်အိတ်အပိုထည့်ပေးရန်မမေ့ပါနှင့်၊ ထိုအိတ်များတွင်အသုံးပြုပြီးသောအဝတ်အစားများထည့်မှာဖြစ်ပြီး၊ အခြားတစ်ခုမှာအသုံးပြုပြီးသောအိပ်ယာခင်းများထည်ထားမှာဖြစ်ပါသည်။

√ **အင်းစက်ပိုးမွှားများနှိမ်နင်းသောဆေးရည်/လိမ်းဆေး-** ကလေးများသည်ခြင်ကိုက်ခြင်းမှကာကွယ်နိုင်ရန်ဤဆေးများကိုအသုံးပြုခြင်းဖြင့်၊ ကာကွယ်နိုင်ပါသည်။ဤဆေးများကိုညအိပ်ရာဝင်စဉ်တွင်အသုံးမပြုသင့်ပါ။ ဤပိုးများမှကြိုတင်ကာကွယ်ရန်ကလေးအသုံးပြုသောပစ္စည်းများဖြစ်သည့်ကြောပိုးအိတ်၊ duffel အိတ် နှင့် အိပ်ရာ စသည့်တို့တွင်လည်းဤဆေးများကိုပုံမှန်အသုံးပြုပေးနိုင်ပါသည်။

## ယာယီစခန်း မှ မိမိနေအိမ်သို့ပြန်ရောက်သောအခါ -COMING HOME FROM CAMP

√ **ပစ္စည်းများအားလုံးသေချာစစ်ဆေးပြီးမှအိမ်ခန်းအတွင်းသို့ယူသွားပါ။** - အိမ်အတွင်းသို့ပစ္စည်းများမထည့်မီလိုအပ်ပါကလျှော်ဖွတ်ခြင်းနှင့်ခြောက်သွေ့စေခြင်းများပြုလုပ်ပြီးမှအိမ်တွင်းသို့ယူပါ။အပ်ယာခင်းနှင့်အဝတ်ထုပ်များအားအဝတ်လျှော်စက်တွင်တိုက်ရိုက်ထည့်လိုက်ပါ။ အမှိုက်ထည့်သောအိတ်များအားလုံးတခါတည်းအမှိုက်ပုံးအတွင်းသို့စွန့်ပစ်ပါ။

√ **စခန်းတွင်ယူသွားသောပစ္စည်းအားလုံးသေချာဆေးကြောပါ။** စခန်းသို့ယူသွားသောပစ္စည်းများအားလုံးလျှော်ဖွတ်ပြီး၊ အနည်းဆုံးမိနစ်၃၀ အပူပေးထားပါ။ လျှော်ဖွတ်၍မရသောပစ္စည်းအမျိုးအစားများဖြစ်သည့်လက်စွဲအိတ်စသည့်တို့အား ဖုန်စုပ်စက်ဖြင့်စုပ်ယူခြင်း၊ သို့မဟုတ် ဆပ်ပြာဖြင့်ဆေးကြောခြင်း နှင့်သန့်ရှင်းရေးပြုလုပ်ရန် အထူးပြုပြင်ထားသောကုန်ပစ္စည်းများဖြင့်သန့်စင်ခြင်းစသည့်ဖြင့်လုပ်နိုင်ပါသည်။

√ **ရှူးဖိနပ်များကိုသန့်စင်ပါ။** ရှူးဖိနပ်အောက်ခြေများသန့်စင်စေရန် အရက်ပျံ သို့မဟုတ် ဆပ်ပြာ နှင့် ရေစသည့်တို့ဖြင့်သန့်စင်ပေးပါ။

အကယ်၍ပိုမိုသိရှိလိုပါက၊ (၂၆၉)၇၂၁-၈၁၆၁ သို့စုံစမ်းနိုင်ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ပိုမိုလေ့လာလိုပါကဤအီးမဲလ်သို့လေ့လာနိုင်သည် http://www.michigan.gov/bedbugs

*Developed in conjunction with local Michigan camps and the Michigan Bed Bug Working Group*

BATTLE CREEK OUTDOOR EDUCATION CENTER
Clear Lake Camp Since 1933